MyanChat


အသုံးပြုနည်း လမ်းညွှန် (User Manual)

MyanChat
အသုံးပြုနည်း လမ်းညွှန်

ဆေးခန်း၊ Spa နှင့် အလှပြင်ဆိုင်များအတွက်

ဖောက်သည်တွေ Chat ထဲမှာပဲ ရက်ချိန်းယူနိုင်အောင် AI က ၂၄ နာရီ ကူညီပေးမယ့် စနစ်

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ · myanchat.app



ဒီလမ်းညွှန်ထဲမှာ ပါတာတွေ


1. MyanChat ဆိုတာ ဘာလဲ
2. စမလုပ်ခင် ပြင်ဆင်ထားရမယ့်အရာများ
3. အကောင့်ဖွင့်ခြင်းနှင့် လုပ်ငန်းအမျိုးအစား ရွေးခြင်း
4. Dashboard ကို သိခြင်းနှင့် ဆိုင်အချက်အလက် ဖြည့်ခြင်း
5. ဝန်ဆောင်မှုများ ထည့်ခြင်း
6. ဆရာ / ဝန်ထမ်းများ ထည့်ခြင်း (မဖြစ်မနေ မလို)
7. AI ကို စိတ်ကြိုက် ပြင်ဆင်ခြင်းနှင့် ဖွင့်ခြင်း
8. စမ်းသပ်ကြည့်ခြင်း
9. နေ့စဉ်သုံးခြင်း — ရက်ချိန်းများ စီမံခြင်း
10. စကားပြောခန်းများနှင့် လူထံ လွှဲပြောင်းခြင်း
11. Telegram ကို ထပ်ချိတ်ခြင်း (မဖြစ်မနေ မလိုပါ)
12. အဖွဲ့သားများ ထည့်ခြင်းနှင့် လုပ်ဆောင်ချက်မှတ်တမ်း
13. ငွေပေးချေခြင်း (Plan နှင့် ငွေတောင်းခံလွှာ)
14. ပြဿနာ ဖြေရှင်းခြင်း
15. စတင်ဖွင့်လှစ်ခြင်း — အမြန် စစ်ဆေးစာရင်း

ပုံတွေကို ဘယ်လိုဖတ်မလဲ

ပုံထဲက အနီရောင် အဝိုင်းနံပါတ်လေးတွေ 1 2 ကို ပုံအောက်က စာရင်းနဲ့ တိုက်ကြည့်ပါ။ နံပါတ်တူတာက ဒီနေရာကို ဆိုလိုတာပါ။ ပုံတွေက နမူနာ ဆိုင်တစ်ခုကို အသုံးပြုထားတာ ဖြစ်ပြီး ဆိုင်အမည်၊ ဖောက်သည်အမည်တွေ အားလုံး စိတ်ကူးယဉ်ပါ။

1 MyanChat ဆိုတာ ဘာလဲ

MyanChat က သင့် Facebook Page (နဲ့ Telegram) ကို ဖောက်သည်တွေ စာပို့လာတဲ့အခါ **AI က မြန်မာလို (ဒါမှမဟုတ် အင်္ဂလိပ်လို) ၂၄ နာရီ ဖြေပေးတဲ့ စနစ်** ပါ။ သင်ကတော့ Dashboard ထဲမှာ ဖောက်သည်တွေဆီက ရလာတဲ့ ရက်ချိန်းတွေကို ကြည့်ပြီး အတည်ပြုရုံပါပဲ။



ဖောက်သည်တွေ ဘာလုပ်နိုင်လဲ

- ဝန်ဆောင်မှုတွေနဲ့ ဈေးနှုန်းတွေကို မေးနိုင်ပါတယ်
- ရက်နဲ့ အချိန်ရွေးပြီး ရက်ချိန်းယူနိုင်ပါတယ်
- ဆရာ / ဝန်ထမ်းကို ရွေးနိုင်ပါတယ် (မရွေးလည်း ရပါတယ်)
- ယူထားတဲ့ ရက်ချိန်းကို Chat ထဲမှာပဲ အချိန်ပြောင်းနိုင်ပါတယ်

ဆိုင်ပိုင်ရှင်အနေနဲ့ သင်လုပ်ရမှာ ၃ ခုပဲ

1. ဆိုင်အချက်အလက်နဲ့ ဝန်ဆောင်မှုတွေကို ထည့်ပါ (ဒီလမ်းညွှန်ရဲ့ အပိုင်း ၄ မှ ၆)
2. AI ကို ဖွင့်ပါ (အပိုင်း ၇)
3. ရက်ချိန်းတွေ ဝင်လာရင် ကြည့်ပြီး အတည်ပြုပါ (အပိုင်း ၉)

> **သိထားရမယ့်အချက်**
> ဒီစနစ်ကို ကွန်ပျူတာနဲ့ ဖုန်း နှစ်မျိုးလုံးမှာ သုံးလို့ရပါတယ်။ ဖုန်းမှာ ဘယ်ဘက်အပေါ်ထောင့်က ≡ ကို နှိပ်ရင် မီနူးပေါ်လာပါမယ်။ ပထမဆုံး စီစဉ်တဲ့အခါတော့ ကွန်ပျူတာနဲ့ လုပ်ရင် ပိုလွယ်ပါတယ်။

2 စမလုပ်ခင် ပြင်ဆင်ထားရမယ့်အရာများ

အောက်ပါအရာတွေကို အရင်ပြင်ထားရင် စီစဉ်တာ မိနစ် ၃၀ ခန့်ပဲ ကြာပါလိမ့်မယ်။

- [ ] **Facebook Page တစ်ခု** — ဆိုင်အတွက် Page ရှိရပါမယ်။
- [ ] **Page ကို အပြည့်အဝ စီမံခွင့် (Full control) ရှိတဲ့ Facebook အကောင့်** — ဒီအကောင့်နဲ့ ဝင်ရပါမယ်။ စီမံခွင့် အနည်းငယ်သာ ရှိရင် ချိတ်ဆက်လို့ မရနိုင်ပါ။


- [ ] **ဝန်ဆောင်မှုစာရင်း** — အမည်၊ ဈေးနှုန်း၊ အတိုချုပ်ဖော်ပြချက်။
- [ ] **ဝန်ထမ်း / ဆရာ အမည်များ (ရှိရင်)**
- [ ] **ဆိုင်အချက်အလက်** — ဖုန်း၊ လိပ်စာ၊ ဖွင့်ချိန်၊ ငွေပေးချေနည်း။
- [ ] (မဖြစ်မနေ မလိုပါ) **Telegram Bot** — Telegram ကိုပါ သုံးချင်ရင်။

အခမဲ့ စမ်းသုံးကာလ

စာရင်းသွင်းသူ အသစ်တိုင်း **ပုံမှန်အားဖြင့် ၁၀ ရက် အခမဲ့ စမ်းသုံးနိုင်ပါတယ်။** ဒီကာလအတွင်း လုပ်ဆောင်ချက်အားလုံးကို သုံးနိုင်ပါတယ်။ ကျန်တဲ့ရက်ကို Dashboard ရဲ့ ညာဘက်အပေါ်မှာ ပြပေးထားပါတယ်။ ပြီးမှ သင့်အတွက် ကိုက်ညီတဲ့ Plan ကို ရွေးပြီး ငွေပေးချေရပါမယ် (အပိုင်း ၁၃)။


3 အကောင့်ဖွင့်ခြင်းနှင့် လုပ်ငန်းအမျိုးအစား ရွေးခြင်း

1. **myanchat.app** ကို ဖွင့်ပြီး ညာဘက်အပေါ်က **Admin Login** ကို နှိပ်ပါ။ ပေါ်လာတဲ့ စာမျက်နှာမှာ 1 **Continue with Facebook** ကို နှိပ်ပါ။
2. Facebook က ခွင့်ပြုချက် တောင်းပါလိမ့်မယ်။ **သင့် Page ကို ရွေးပြီး ပေးထားတဲ့ ခွင့်ပြုချက်အားလုံးကို ဖွင့်ထားပါ။** တစ်ခုမှ မဖယ်ပါနဲ့။ မဖွင့်ရင် Bot က ဖောက်သည်ကို စာပြန်လို့ မရပါ။




1 **Continue with Facebook** — Facebook နဲ့ ဝင်ပါ

3 သင့်အကောင့်မှာ Facebook Page **တစ်ခုထက် ပိုရှိရင်** အောက်ပါစာမျက်နှာ ပေါ်ပါလိမ့်မယ်။ 1 MyanChat နဲ့ ချိတ်မယ့် Page ကို ရွေးပြီး 2 **Connect Selected Page** ကို နှိပ်ပါ။ Page တစ်ခုတည်းပဲ ရှိရင် ဒီအဆင့်ကို အလိုအလျောက် ကျော်သွားပါမယ်။



1 ချိတ်မယ့် **Page** ကို ရွေးပါ 2 **Connect Selected Page**

4 Page ချိတ်ပြီးရင် **“သင့်လုပ်ငန်းက ဘာအမျိုးအစားလဲ?”** လို့ မေးပါလိမ့်မယ်။ သင့်လုပ်ငန်းနဲ့ ကိုက်တဲ့ အမျိုးအစားကို 1 ရွေးပြီး 2 **ဆက်လက်ရန်** ကို နှိပ်ပါ။



1 **ဆေးခန်း / Spa / အလှပြင်ဆိုင်** ကို ရွေးပါ


2 **ဆက်လက်ရန်**

အရေးကြီးပါတယ်

လုပ်ငန်းအမျိုးအစားကို တစ်ကြိမ်ရွေးပြီးရင် ကိုယ်တိုင် ပြန်မပြောင်းနိုင်ပါ။ ပြောင်းချင်ရင် ဆက်တင်ထဲကနေ တောင်းဆိုရပြီး MyanChat အဖွဲ့က အတည်ပြုပေးမှ ပြောင်းလဲပါမယ်။ ဒီအမျိုးအစားကပဲ AI က ဘာတွေမေးမလဲ၊ Dashboard မှာ ဘယ်စကားလုံးတွေ သုံးမလဲ ဆိုတာကို ဆုံးဖြတ်ပေးတာ ဖြစ်ပါတယ်။ နောက်တစ်ခါ ဝင်တဲ့အခါလည်း ဒီ Facebook အကောင့်ကိုပဲ သုံးပါ။

4 Dashboard ကို သိခြင်းနှင့် ဆိုင်အချက်အလက် ဖြည့်ခြင်း


ဝင်ပြီးတာနဲ့ ဘယ်ဘက်မှာ မီနူးတွေ ပေါ်ပါလိမ့်မယ်။ မီနူးတစ်ခုချင်းက ဒီလိုပါ။



1. **ရက်ချိန်းစာရင်း** — ရက်ချိန်းတွေကို ကြည့်ပြီး အတည်ပြုတဲ့ နေရာ
2. **စကားပြောခန်းများ** — ဖောက်သည်နဲ့ AI ပြောထားတာတွေ
3. **လူထံ လွှဲပြောင်းမှု** — လူနဲ့ ပြောချင်တဲ့ ဖောက်သည်များ
4. **ဝန်ဆောင်မှုများ** — ဝန်ဆောင်မှုစာရင်း
5. **ပစ္စည်းအမျိုးအစားများ** — ဝန်ဆောင်မှုအုပ်စုများ
6. **ဝန်ထမ်းများ** — ဆရာ / ဝန်ထမ်းများ (မဖြစ်မနေ မလို)
7. **ငွေတောင်းခံလွှာ** — ငွေပေးချေရန်
8. **ဆက်တင်များ** — ဆိုင်အချက်အလက်၊ AI၊ Telegram
9. **အဖွဲ့သားများ** — အဖွဲ့သားများ
10. **လုပ်ဆောင်ချက်မှတ်တမ်း** — ဘယ်သူ ဘာလုပ်ခဲ့လဲ မှတ်တမ်း

ဆိုင်အချက်အလက် ဖြည့်ပါ

ဆက်တင်များ → ဆိုင်အချက်အလက် ကိုဖွင့်ပါ။ AI က ဒီအချက်အလက်တွေကို ဖတ်ပြီး ဖောက်သည်တွေကို ဖြေတာ ဖြစ်လို့ **ပြည့်စုံအောင် ရေးထားလေ AI က ပိုမှန်လေ** ပါပဲ။



1. **ဆိုင်အမည်** — Page အမည်အတိုင်း ပေါ်နေပါလိမ့်မယ်။ ပြင်လို့ ရပါတယ်
2. **သင့်ဆိုင်က ဘာလုပ်ငန်းပါလဲ** — ဘာတွေ ရောင်း/လုပ်သလဲ ရေးပါ။ AI က ဒါကို အဓိကသုံးပါတယ်
3. **ဖုန်းနံပါတ်**
4. **ငွေပေးချေနည်းများ** — ဥပမာ KPay, WavePay, Cash
5. **ဖွင့်ချိန်** — AI က ဖွင့်ချိန်ပြင်ပ အချိန်တွေကို ရက်ချိန်းမယူပါ
6. **လိပ်စာ**


ဥပမာ (နံပါတ် ၂) — “ရန်ကုန်က အလှပြင်ဆိုင်နဲ့ Spa ပါ။ Facial၊ ဆံပင်၊ အနှိပ်နဲ့ လက်သည်း ဝန်ဆောင်မှုတွေ ရှိပါတယ်။ ကြိုတင်ရက်ချိန်းယူရင် ပိုကောင်းပါတယ်။”

အကြံပြုချက်

နံပါတ် ၂ ကို မြန်မာလို ဒါမှမဟုတ် အင်္ဂလိပ်လို ရေးလို့ ရပါတယ်။ ပြည့်စုံအောင် ရေးပါ။ အောက်ဆုံးက **ဆိုင်အချက်အလက် သိမ်းရန်** ကို နှိပ်မှ သိမ်းပေးမှာ ဖြစ်ပါတယ်။

ဖောက်သည်ဆီက ဘာတွေ မေးမလဲ

အောက်ပိုင်းက အကွက်လေးတွေနဲ့ AI က ဖောက်သည်ဆီက ဘာအချက်အလက်တွေ တောင်းမလဲ ရွေးနိုင်ပါတယ်။ ဖွင့်ထားတာတွေကိုပဲ AI က မေးပါတယ်။




1 **အမည်** မေးမည်
2 **ဖုန်းနံပါတ်** မေးမည်
3 **အီးမေး‌လ်** မေးမည်

5 ဝန်ဆောင်မှုများ ထည့်ခြင်း

အဆင့် ၁ — အုပ်စု (အမျိုးအစား) ဖန်တီးပါ

ပစ္စည်းအမျိုးအစားများ ကိုဖွင့်ပြီး ဝန်ဆောင်မှုတွေကို အုပ်စုခွဲထားပါ။ မဖြစ်မနေ မလိုပေမယ့် စာရင်းရှည်လာရင် ရှာရလွယ်ပါတယ်။




1 အုပ်စုအမည် ရိုက်ပါ

2 **ထည့်မည်** ကို နှိပ်ပါ

အဆင့် ၂ — ဝန်ဆောင်မှုအသစ် ထည့်ပါ

ဝန်ဆောင်မှုများ ကိုဖွင့်ပြီး 1 **ဝန်ဆောင်မှုအသစ်ထည့်ရန်** ကို နှိပ်ပါ။




1 **ဝန်ဆောင်မှုအသစ်ထည့်ရန်**

2 အုပ်စုအလိုက် စစ်ကြည့်ရန်

3 ပြင်ဆင်ရန် / ဖျက်ရန်

ပေါ်လာတဲ့ ပုံစံကို ဖြည့်ပါ။



1. **ဝန်ဆောင်မှုအမည်** (မဖြစ်မနေ)
2. **အုပ်စု**
3. **ဈေးနှုန်း** (မဖြစ်မနေ)
4. **အသေးစိတ်ဖော်ပြချက်**
5. **အခြေအနေ** — ရောင်းချနေဆဲလား၊ မရတော့လား
6. **Bot တွင် ပြမည်လား** — AI က ဒီဝန်ဆောင်မှုကို ဖောက်သည်ကို ပြောပေးမလား

အကြံပြုချက်


ကြာချိန်ကို အမည်ထဲ ထည့်ပါ (ဥပမာ - Deep Cleansing Facial (60 min))။ AI က ဒီအမည်အတိုင်း ရက်ချိန်း မှတ်ပါလိမ့်မယ်။

ဖော်ပြချက်ထဲမှာ ဘာတွေပါဝင်လဲ တိုတိုရေးပါ (ဥပမာ - Deep clean, mask and massage)။

ဆိုင်ရဲ့ ပုံမှန်ငွေကြေးနဲ့ မတူတဲ့ ငွေကြေးနဲ့ ဈေးသတ်မှတ်ချင်မှသာ “ငွေကြေး” ကို ပြောင်းပါ။

6 ဆရာ / ဝန်ထမ်းများ ထည့်ခြင်း (မဖြစ်မနေ မလို)

ဖောက်သည်တွေက **ဆရာ/ဝန်ထမ်း တစ်ယောက်ကို ရွေးပြီး ရက်ချိန်းယူချင်တယ်** ဆိုရင် ဒီစာရင်းကို သုံးပါတယ်။ **မဖြစ်မနေ မလိုပါ** — ဝန်ထမ်း တစ်ယောက်မှ မထည့်ရင် AI က ဝန်ထမ်းအကြောင်း လုံးဝ မမေးပါဘူး။ **ဝန်ထမ်းများ** ကိုဖွင့်ပါ။




1. **အမည်** (ဥပမာ - Ma Hnin)
2. **ရာထူး** (မဖြည့်လည်းရ) ဥပမာ - Hair stylist, Doctor
3. **ရရှိနိုင်သည် / မရရှိနိုင်ပါ** — ပျက်ကွက်နေသူကို ယာယီ ပိတ်ထားနိုင်ပါတယ်

- ဝန်ထမ်းထည့်ထားရင် AI က ဝန်ဆောင်မှု ရွေးပြီးတဲ့အခါ **“ဆရာ/ဝန်ထမ်း တစ်ယောက်ကို ရွေးချင်ပါသလား၊ ဘယ်သူမဆို ရပါတယ်”** လို့ တစ်ခါပဲ မေးပါတယ်။
- ဖောက်သည်က ဘယ်သူမဆို ရတယ်လို့ ပြောရင် ရက်ချိန်းကို ဝန်ထမ်းမပါဘဲ မှတ်ပါတယ်။ ပြီးမှ ရက်ချိန်းစာရင်းထဲ သင်ကိုယ်တိုင် သတ်မှတ်ပေးလို့ ရပါတယ်။
- စာရင်းထဲမှာ မပါတဲ့ သူကို ဖောက်သည်က တောင်းရင် AI က “ဒီသူကို ရက်ချိန်းမယူနိုင်ပါ” လို့ ပြောပြီး ရွေးစရာတွေကို ပြပါတယ်။

7 AI ကို စိတ်ကြိုက် ပြင်ဆင်ခြင်းနှင့် ဖွင့်ခြင်း

ဆက်တင်များ → **AI လမ်းညွှန်ချက်** ကိုဖွင့်ပါ။ ဒီမှာ AI က ဖောက်သည်နဲ့ ဘယ်လို ပြောမလဲ ဆုံးဖြတ်နိုင်ပါတယ်။



1. **AI ON / OFF — အစိမ်းရောင် (ON)** ဖြစ်မှ AI က စာပြန်ပါမယ်။ ယာယီ ရပ်ချင်ရင် ဒီကနေ ပိတ်ပါ

2. **စကားပြောပုံစံ — AI ပုံစံ** က AI assistant အဖြစ် မိတ်ဆက်ပါတယ်။ **လူသားပုံစံ** က ဖော်ရွေတဲ့ ဝန်ထမ်းလို ပြောပါတယ် (ဖောက်သည်က တကယ် မေးရင်တော့ အလိုအလျောက်စနစ် ဖြစ်ကြောင်း ဖြေပါတယ်)

3. **နှုတ်ဆက်ခြင်းပုံစံ** — ရင်းနှီး / လုပ်ငန်းသုံး / ယဉ်ကျေး

4. **ဖြေကြားမည့် ဘာသာစကား** — အလိုအလျောက် / မြန်မာသီးသန့် / အင်္ဂလိပ်သီးသန့်

5. **အသုံးအနှုန်း** — အမျိုးသမီးပုံစံ (ရှင်/ကာ) သို့မဟုတ် အမျိုးသားပုံစံ (ခင်ဗျာ)
6. **အမြဲတမ်း ထည့်ပြောရမည့်အချက်များ** — ပရိုမိုးရှင်း၊ ကမ်းလှမ်းချက်
7. **ရှောင်ကြဉ်ရမည့်အချက်များ** — AI မပြောစေချင်တာ
8. **နောက်ထပ် လမ်းညွှန်ချက်များ** — အခြားစိတ်ကြိုက်ညွှန်ကြားချက်

မမေ့ပါနဲ့
ပြင်ပြီးရင် အောက်ဆုံးက **AI ဆက်တင်များသိမ်းရန်** ကို နှိပ်ပါ။ ထိုနေရာမှာ **အကြောင်းကြားစာ Email** ကိုလည်း ထည့်ထားရင် ရက်ချိန်းအသစ်၊ ငွေပေးချေမှု အတည်ပြုချက်နဲ့ လူထံလွှဲပြောင်းမှုတွေကို Email နဲ့ သိရပါလိမ့်မယ်။


8 စမ်းသပ်ကြည့်ခြင်း

1. အပိုင်း ၇ မှာ **AI ON (အစိမ်းရောင်)** ဖြစ်နေကြောင်း စစ်ပါ။
2. **သင့် Page ကို စီမံတဲ့ အကောင့်မဟုတ်တဲ့** အခြား Facebook အကောင့် (ဥပမာ သူငယ်ချင်းရဲ့ အကောင့်) ကနေ သင့် Page ကို Messenger နဲ့ စာပို့ကြည့်ပါ။ ဥပမာ - **“မနက်ဖြန် ၁၀ နာရီ Facial ချိန်းချင်ပါတယ်”**
3. AI က စက္ကန့်ပိုင်းအတွင်း ပြန်ဖြေပါလိမ့်မယ်။ Dashboard ရဲ့ **စကားပြောခန်းများ** ထဲမှာလည်း ဒီစကားပြောခန်းကို ကြည့်လို့ရပါတယ်။
4. ရက်ချိန်းတစ်ခု ဖန်တီးကြည့်ပါ။ အဲဒါ **ရက်ချိန်းစာရင်း** စာရင်းထဲ ပေါ်လာရင် အားလုံး အဆင်သင့်ပါပဲ။

စာပြန်မလာရင်
အပိုင်း ၁၄ (ပြဿနာဖြေရှင်းခြင်း) ကို ကြည့်ပါ။ အများဆုံးတွေ့ရတာက AI ကို ON မလုပ်ထားတာ၊ ဒါမှမဟုတ် Page ချိတ်ဆက်မှု ပြတ်နေတာပါ။

9 နေ့စဉ်သုံးခြင်း — ရက်ချိန်းများ စီမံခြင်း

ဖောက်သည်က ရက်ချိန်းကို အတည်ပြုလိုက်တာနဲ့ **ရက်ချိန်းစာရင်း** စာရင်းထဲ ပေါ်လာပါတယ်။ ဒီစာမျက်နှာက **ရက်ချိန်း ရက်နဲ့ အချိန်** ကို အရင်ဆုံး ပြပေးပြီး အနီးဆုံးလာမယ့်ဟာကို ထိပ်ဆုံးမှာ စီပေးထားပါတယ်။



1. **ဖောက်သည်အမည်** နဲ့ ရှာပါ
2. **အခြေအနေ** အလိုက် စစ်ပါ
3. **Export Excel**
4. **အခြေအနေ**
5. **လုပ်ဆောင်ချက်များ** — ကြည့်၊ အတည်ပြု၊ ပယ်ဖျက်

အပေါ်ဆုံးက နှိပ်ခလုတ်တွေနဲ့ ကြည့်ချင်တာကို ရွေးပါ။

- **Upcoming** — လာမယ့်ရက်ချိန်းများ (ပုံမှန်အားဖြင့် ဒီစာမျက်နှာက စပေါ်ပါတယ်)
- **Today** — ဒီနေ့ ရက်ချိန်းများ
- **Needs confirmation** — သင့်အတည်ပြုချက် စောင့်နေတာတွေ (အရေအတွက်ပါ ပေါ်ပါတယ်)
- **Past** — ကျော်လွန်သွားပြီးသားများ
- **All** — အားလုံး

ရက်ချိန်း တစ်ခုကို ကိုင်တွယ်ပုံ


1. **အသေးစိတ်ကြည့်ရန်** ကို နှိပ်ပြီး ဖောက်သည်၊ ဖုန်း၊ ဝန်ဆောင်မှု၊ ရက်၊ အချိန်၊ ကျသင့်ငွေတွေကို စစ်ပါ။
2. မှန်ရင် **အတည်ပြုရန်** ကို နှိပ်ပါ။ **ဖောက်သည်ဆီကို ‘ရက်ချိန်း အတည်ပြုပြီး’ စာ အလိုအလျောက် ရောက်ပါတယ်။**
3. မလာနိုင်ရင်/မလုပ်နိုင်ရင် **ပယ်ဖျက်ရန်** ကို နှိပ်ပြီး အကြောင်းပြချက် ရေးပါ။ ဖောက်သည်ဆီကို အဲဒီအကြောင်းပြချက်နဲ့ စာ ရောက်ပါတယ်။
4. ပြီးဆုံးသွားရင် အခြေအနေကို **ပြီးစီးပြီး** လို့ ပြောင်းပါ။

ဆရာ / ဝန်ထမ်း သတ်မှတ်ခြင်း

ရက်ချိန်းတစ်ခုချင်းရဲ့ ဝန်ဆောင်မှုအောက်မှာ ဝန်ထမ်းရွေးတဲ့ ကွက်လေး ပါပါတယ်။ ဖောက်သည်က “ဘယ်သူမဆို ရပါတယ်” လို့ ပြောထားရင် ဒီကနေ သင်ကိုယ်တိုင် သတ်မှတ်ပေးလို့ ရပါတယ်။

ပြက္ခဒိန်ပုံစံ ကြည့်ခြင်း

အပေါ်ဘယ်ဘက်က 1 **Calendar** ကို နှိပ်ရင် တစ်လလုံးကို ပြက္ခဒိန်နဲ့ ကြည့်လို့ ရပါတယ်။ 2 မျှားလေးတွေနဲ့ လ ပြောင်းပါ။ ရက်တစ်ရက်ကို နှိပ်ရင် အဲဒီနေ့ ဘယ်သူတွေ ရက်ချိန်းယူထားလဲ အချိန်စဉ်လိုက် အောက်မှာ ပေါ်လာပါတယ်။ အရောင်က အခြေအနေကို ပြပါတယ် (လိမ္မော်ရောင် = အတည်ပြုရန်၊ အပြာ = အတည်ပြုပြီး၊ အစိမ်း = ပြီးစီးပြီး)။



1 **List / Calendar** ပြောင်းရန်


2 လ ပြောင်းရန် မျှားလေးများ

ဖောက်သည်က အချိန်ပြောင်းချင်ရင်

ဖောက်သည်က Chat ထဲမှာ “အချိန်ပြောင်းချင်တယ်” ဒါမှမဟုတ် “ဝန်ဆောင်မှု တစ်ခု ထပ်ထည့်ချင်တယ်” လို့ ပြောရင် AI က **ရက်ချိန်းအသစ် မဖန်တီးဘဲ ရှိပြီးသား ရက်ချိန်းကိုပဲ ပြင်ပေးပါတယ်။** အဲဒီရက်ချိန်းက **အတည်ပြုရန်** ပြန်ဖြစ်ပြီး နာမည်အောက်မှာ **“ဖောက်သည်က ပြင်ထားသည်”** ဆိုတဲ့ အမှတ်အသား ပေါ်ပါလိမ့်မယ်။ သင် ပြန်စစ်ပြီး အတည်ပြုပေးပါ။ ဖောက်သည်က ပယ်ဖျက်ချင်တယ်ဆိုရင်တော့ AI က မပယ်ဖျက်ဘဲ သင့်ဆီ လွှဲပေးပါတယ်။

10 စကားပြောခန်းများနှင့် လူထံ လွှဲပြောင်းခြင်း


စကားပြောခန်းများ မှာ AI နဲ့ ဖောက်သည်တွေ ပြောထားတဲ့ စကားပြောခန်း အားလုံးကို ဖတ်လို့ ရပါတယ်။ ဘယ်သူ့ဟာမဆို နှိပ်ပြီး ကြည့်ပါ။



1. ဖောက်သည်ကို အမည်နဲ့ ရှာပါ
2. **စောင့်ဆိုင်းနေသူ** — သင်နဲ့ ပြောချင်လို့ စောင့်နေသူတွေ (ထိပ်ဆုံးမှာ ပေါ်ပါတယ်)
3. **စာပြန်ရန်** ကွက် — ရိုက်ပြီး ပို့ပါ

ဖောက်သည်က လူနဲ့ ပြောချင်တဲ့အခါ

1. ဖောက်သည်က “လူနဲ့ ပြောချင်တယ်” လို့ ပြောရင် AI က **ဒီဖောက်သည်အတွက် ရပ်သွားပါတယ်။** “ခဏစောင့်ပါ၊ ဝန်ထမ်းနဲ့ ချိတ်ဆက်ပေးနေပါတယ်” လို့ ပြောပါတယ်။
2. မီနူးရဲ့ **လူထံ လွှဲပြောင်းမှု** မှာ အစက်လေး ပေါ်ပါတယ်။ (အကြောင်းကြားစာ Email ထည့်ထားရင် Email လည်း ရပါတယ်။)
3. စကားပြောခန်းကို ဖွင့်ပြီး ဖတ်ပါ၊ ကိုယ်တိုင် စာပြန်ပါ (သင့် Facebook Page ကနေ ဖောက်သည်ဆီ ရောက်ပါတယ်)။
4. ပြီးရင် **Bot ပြန်လည်ဖွင့်ရန်** ကို နှိပ်ပါ။ AI က ဆက်ပြီး ဖြေပေးပါလိမ့်မယ်။



1 အသေးစိတ်ကြည့်ရန် / Bot ပြန်လည်ဖွင့်ရန် (ဖောက်သည်တစ်ယောက်ချင်းစီအတွက်)

> **၂၄ နာရီ စည်းမျဉ်း**
> Facebook က ဖောက်သည်ရဲ့ **နောက်ဆုံးစာ ပို့ပြီး ၂၄ နာရီအတွင်း** ပဲ စာပြန်ခွင့်ပေးပါတယ်။ ၂၄ နာရီကျော်သွားရင် ဖောက်သည်က စာအသစ် ပို့လာတဲ့အထိ စောင့်ရပါမယ်။


11 Telegram ကို ထပ်ချိတ်ခြင်း (မဖြစ်မနေ မလိုပါ)

ဖောက်သည်တချို့က Telegram ကို သုံးတတ်လို့ Telegram Bot တစ်ခုကိုပါ ချိတ်ထားနိုင်ပါတယ်။ AI၊ ဝန်ဆောင်မှုစာရင်းနဲ့ ရက်ချိန်းစာရင်း အားလုံးက Messenger နဲ့ တူတူပါပဲ။

1. Telegram မှာ **@BotFather** ကို ရှာပြီး **/newbot** လို့ ပို့ပါ။ Bot အမည်ပေးရင် **Token** အရှည်ကြီး ရပါလိမ့်မယ်။
2. ဆက်တင်များ ➜ **Telegram** ကိုဖွင့်ပြီး 1 Token ကို ကူးထည့်ပါ။

3 (လိုအပ်ရင်) 2 Admin ဆက်သွယ်ရန် Telegram လင့်ခ်ကို ထည့်ပါ။ ကြုံတင်ငွေလွှဲ အတည်ပြုချက်တွေအတွက် ဖောက်သည်ကို ပြပေးပါတယ်။

4 **သိမ်းဆည်းပြီး ချိတ်ဆက်ရန်** ကို နှိပ်ပါ။



1 **Bot Token** (BotFather ဆီက ရတာ) 2 **Admin ဆက်သွယ်ရန်** (မဖြည့်လည်းရ)

အသေးစိတ် ပုံနဲ့ ရှင်းပြချက်တွေကို Dashboard ထဲက **Telegram Bot ချိတ်ဆက်နည်း** စာမျက်နှာမှာလည်း ကြည့်နိုင်ပါတယ်။


12 အဖွဲ့သားများ ထည့်ခြင်းနှင့် လုပ်ဆောင်ချက်မှတ်တမ်း

ဝန်ထမ်းတွေလည်း Dashboard ကို သုံးစေချင်ရင် **အဖွဲ့သားများ** ကနေ ဖိတ်ပါ။

1 **ဖိတ်ကြားချက် Link** ကို ကူးပြီး ဝန်ထမ်းဆီ ပို့ပါ။

2 ရတဲ့သူက Link ကိုဖွင့်ပြီး အကောင့်ဖွင့်ရင် သင့်အဖွဲ့ထဲ ပါဝင်ပါပြီ။ နောက်ပိုင်း ဝင်ချင်ရင် ဝင်ရောက်စာမျက်နှာက **Team member? Sign in here** ကနေ ဝင်ပါ။


3 ဝန်ထမ်းထွက်သွားရင် အဖွဲ့သားစာရင်းကနေ ဖယ်ပါ။ ချက်ချင်း ဝင်ခွင့် ရပ်သွားပါမယ်။



1 **ဖိတ်ကြားချက် Link** — ကူးပြီး မျှဝေပါ

လုပ်ဆောင်ချက်မှတ်တမ်း

ဘယ်သူက ဘာကို ဘယ်အချိန်မှာ လုပ်ခဲ့လဲ (အော်ဒါ အတည်ပြုတာ၊ ဝန်ဆောင်မှု ထည့်တာ၊ ဆက်တင်ပြောင်းတာ စသဖြင့်) မှတ်တမ်းကို ဆိုင်ရှင်က ကြည့်နိုင်ပါတယ်။ ဝန်ထမ်းတွေ ဘာလုပ်လဲ သိချင်ရင် ဒီမှာ ကြည့်ပါ။




13 ငွေပေးချေခြင်း (Plan နှင့် ငွေတောင်းခံလွှာ)

စမ်းသုံးကာလပြီးရင် ဆက်သုံးဖို့ Plan တစ်ခု ရွေးပြီး ငွေပေးချေရပါမယ်။ Plan တစ်ခုချင်းရဲ့ ဈေးနှုန်းနဲ့ AI စာပြန်ခွင့် အရေအတွက်ကို **myanchat.app** ရဲ့ **Pricing** အပိုင်းမှာ ကြည့်ပါ။ ကျန်တဲ့ရက်ကို Dashboard ရဲ့ ညာဘက်အပေါ်မှာ အမြဲ ပြထားပါတယ်။ ၁၄ ရက်အောက် ကျန်ရင် အပေါ်မှာ သတိပေးချက် ပေါ်ပါလိမ့်မယ်။

ငွေတောင်းခံလွှာ ကိုဖွင့်ပါ။

1. ငွေကြေးအမျိုးအစားကို ရွေးပါ။ အောက်မှာ ငွေလွှဲရမယ့် **ဘဏ်အကောင့်** ပေါ်လာပါမယ်။ **Copy ကူးမည်** နဲ့ နံပါတ်ကို ကူးပြီး ငွေလွှဲပါ။
2. ငွေလွှဲပြီးရင် ဒီစာမျက်နှာမှာ 1 **သင့်အမည်** (ဘဏ်အကောင့်က အမည်)၊ 2 **လွှဲလိုက်တဲ့ပမာဏ** ကို ဖြည့်ပါ။
3. 3 **ငွေလွှဲပြေစာ (Screenshot)** ကို တင်ပါ။
4. 4 **ငွေပေးချေမှု တင်ပြမည်** ကို နှိပ်ပါ။ MyanChat အဖွဲ့က စစ်ဆေးပြီး အတည်ပြုရင် သက်တမ်း တိုးပါလိမ့်မယ်။



1 **သင့်အမည်**
2 **လွှဲလိုက်သည့် ပမာဏ**
3 **ပြေစာ Screenshot** တင်ရန်
4 **ငွေပေးချေမှု တင်ပြမည်**

သက်တမ်းကုန်သွားရင်

စနစ်ကို ခဏ ပိတ်ထားပါတယ်၊ မီနူးတွေ သော့ခတ်ထားပြီး ငွေတောင်းခံလွှာ စာမျက်နှာပဲ ဖွင့်လို့ ရပါမယ်။ ငွေပေးချေမှု တင်ပြပြီး အတည်ပြုပြီးတာနဲ့ ပြန်သုံးလို့ ရပါပြီ။

14 ပြဿနာ ဖြေရှင်းခြင်း

ပြဿနာ	အကြောင်းရင်း	ဖြေရှင်းနည်း
Bot က ဖောက်သည်ကို စာမ ပြန်ဘူး	AI ကို ပိတ်ထားတာ ဖြစ်နိုင်ပါတယ်	ဆက်တင်များ ➜ AI လမ်းညွှန်ချက် ထဲက **AI** ခလုတ်ကို **ON (အစိမ်းရောင်)** ပြောင်းပါ။
	သက်တမ်းကုန်သွားတာ ဖြစ်နိုင်ပါတယ်	ငွေတောင်းခံလွှာ ကနေ ငွေပေးချေမှု တင်ပြပါ (အပိုင်း ၁၃)။
	ဒီလအတွက် AI စာပြန်ခွင့် အရေအတွက် ပြည့်သွားတာ ဖြစ်နိုင်ပါတယ်	Plan မြှင့်ပါ၊ ဒါမှမဟုတ် နောက်လ စတင်တဲ့အထိ စောင့်ပါ။ ဖောက်သည်ကို “ဒီလအတွက် ပြည့်သွားပါပြီ” စာ ပို့ပါတယ်။
	ဒီဖောက်သည်အတွက် Bot ကို ရပ်ထားတာ (လူနဲ့ပြောချင်လို့)	စကားပြောခန်းများ ထဲ ဝင်ပြီး **Bot ပြန်လည်ဖွင့်ရန်** ကို နှိပ်ပါ။
	Facebook Page နဲ့ ချိတ်ဆက်မှု ပြတ်သွားတာ	**အကောင့်မှထွက်ရန်** ပြီး Facebook နဲ့ ပြန်ဝင်ပါ။ Page နဲ့ ခွင့်ပြုချက်အားလုံးကို ပြန်ရွေးပေးပါ။ ထိပ်ဆုံးမှာ သတိပေးချက် ပေါ်နေရင်လည်း ဒီနည်းနဲ့ပဲ ပြင်ပါ။
AI က စျေး / အချက်အလက်များပြောတယ်	ဝန်ဆောင်မှုစာရင်း ဒါမှမဟုတ် ဆိုင်အချက်အလက် မပြည့်စုံတာ	စျေးနှုန်းနဲ့ ဖော်ပြချက်တွေကို ပြင်ပါ။ AI ပြောစေချင်တာ/မပြောစေချင်တာကို AI လမ်းညွှန်ချက်မှာ ရေးပါ (အပိုင်း ၇)။
ရက်ချိန်းက စာရင်းထဲ မလာဘူး	ဖောက်သည်က အတည်မပြုသေးတာ ဖြစ်နိုင်ပါတယ်	AI က ဖောက်သည် အတည်ပြုပြီးမှ စာရင်းထဲ ထည့်ပါတယ်။ စကားပြောခန်းများ ထဲ ဝင်ကြည့်ပါ။
ရက်ချိန်းအချိန်က ဖွင့်ချိန်နဲ့ မကိုက်ဘူး	ဖွင့်ချိန် မဖြည့်ထားတာ	ဆက်တင်များ ➜ ဆိုင်အချက်အလက် ထဲ **ဖွင့်ချိန်** ကို ဖြည့်ပါ။
Facebook နဲ့ ဝင်လို့မရဘူး	Page ကို အပြည့်အဝ စီမံခွင့် မရှိတာ	Page ပိုင်ရှင်ကို **Full control** ပေးဖို့ ပြောပါ။ ပြီးမှ ပြန်ဝင်ပါ။

ဒါတွေနဲ့ မပြေလည်ရင် **myanchat.app** ရဲ့ အောက်ဆုံး **Contact** အပိုင်းကနေ ဆက်သွယ်ပါ။

15 စတင်ဖွင့်လှစ်ခြင်း — အမြန် စစ်ဆေးစာရင်း

အောက်ပါအချက်တွေ အားလုံး ပြီးရင် သင့်ဆိုင်က ဖောက်သည်တွေကို လက်ခံဖို့ အဆင်သင့်ပါပဲ။

- [ ] Facebook Page ကို Facebook နဲ့ ချိတ်ပြီး **ဆေးခန်း / Spa / အလှပြင်ဆိုင်** အမျိုးအစား ရွေးပြီးပြီ
- [ ] ဆိုင်အချက်အလက် (အမည်၊ ဖော်ပြချက်၊ ဖုန်း၊ ဖွင့်ချိန်၊ ငွေပေးချေနည်း) ဖြည့်ပြီး သိမ်းပြီးပြီ
- [ ] ဖောက်သည်ဆီက မေးမယ့်အချက်တွေ (အမည်/ဖုန်း…) ရွေးပြီးပြီ
- [ ] ဝန်ဆောင်မှုများကို စျေးနှုန်းနဲ့ ဖော်ပြချက်ပါ ထည့်ပြီးပြီ
- [ ] (ရှိရင်) ဆရာ / ဝန်ထမ်းများ ထည့်ပြီးပြီ
- [ ] AI လမ်းညွှန်ချက် (ပုံစံ၊ ဘာသာစကား၊ ပရိုမိုးရှင်း) ကို သတ်မှတ်ပြီး **AI ON** လုပ်ထားပြီ
- [ ] အခြား Facebook အကောင့်နဲ့ စာပို့ပြီး AI ပြန်ဖြေတာ စမ်းကြည့်ပြီးပြီ
- [ ] အကြောင်းကြားစာ Email ထည့်ထားပြီ
- [ ] ရက်ချိန်းတစ်ခုကို အတည်ပြုတာ စမ်းလုပ်ကြည့်ပြီးပြီ
- [ ] လူထံလွှဲပြောင်းမှု ဘယ်လိုလာလဲ သိပြီ (အပိုင်း ၁၀)
- [ ] ငွေပေးချေရမယ့် နည်းလမ်းကို သိပြီ (အပိုင်း ၁၃)

MyanChat

ကျေးဇူးတင်ပါတယ်။ အဆင်ပြေပြေ အောင်မြင်ပါစေ။

myanchat.app